# သီချင်းစံများကိုစာပေရှုထောင့်မှလေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မသန်းသန်းစိန်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် " သီချင်းခံများကို စာပေရှုထောင့်မှလေ့လာခြင်း " ခေါင်းစဉ်ဖြင့် ရေးသားပြုစုထားသော ပါရဂူဘွဲ့ယူကျမ်းဖြစ်ပါသည်။ အလေ့အလာနည်းပါးသော မြန်မာဂီတသီချင်းကြီးများအနက် သီချင်းခံစာပေ၏ တန်ဖိုးကို အာရုံပြုမိလာပြီး မြန်မာစာပေလေ့လာမှုနယ်ပယ်တွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်လာစေရန်ရည်ရွယ်ချက်ဖြင့် ဤကျမ်းကိုရေးသားခြင်းဖြစ်ပါသည်။ သီချင်းခံများကို လေ့လာရာတွင် စာပေသဘောသဘာဝကို အခြေခံကာ သီချင်းခံအားလုံး၏ အကြောင်းအရာ၊ အရေးအသား၊ စကားလုံးအသုံးအနှုန်း၊ ဂုဏ်၊ အလင်္ကာ၊ ရသ တို့ကိုလေ့လာထားပါသည်။ စာဆိုတို့၏ စိတ်ကူးဉာဏ်၊ ဘာသာစကား၏အရည်အသွေး၊ စာဖတ်သူကို ပေးစွမ်းနိုင်သည့် ရသအာနိသင် စသည်တို့၏ အဆင့်အတန်းကိုလည်း ဖော်ထုတ်ထားပါသည်။ ဤတွင် စကားလုံးနှင့် အသံပိုင်းကို အသေးစိတ် လေ့လာထားပါသည်။ ပုဒ်ဖြည့်စကားလုံး၊ သီချင်းကြီးများတွင်သာတွေ့ရသော အသံဖြည့်စကားလုံးသုံးနှုန်းထားပုံကိုလည်းကောင်း၊ မြန်မာဘာသာစကား၏ ပျော့ပျောင်းသောလက္ခဏာကို အသုံးချ၍ စာဆိုအခွင့်ထူးယူကာ စကားလုံးအသစ် ဖန်တီးသုံးစွဲထားပုံကိုလည်းကောင်း ဖော်ထုတ်ထားပါသည်။ အသံဖွဲ့စည်းမှုအပိုင်းတွင်လည်း ရှေးစာဆိုကြီးတို့ အသံယူပုံ၊ ကာရန်ယူပုံ ကျွမ်းကျင်နိုင်နင်းမှုကြောင့် သီချင်းခံတွင် အကျိုးသက်ရောက်မှုရှိပုံကို ဖော်ထုတ်ထားပါသည်။ ထို့ပြင်အင်းဝခေတ်တွင်ရေးသားသည်ဟု အခိုင်အမာပြောနိုင်သော သီချင်းခံ ၅ ပုဒ်ကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါသည်။ဤကျမ်းကို ပြုစုခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေခြင်း၊ မြန်မာ ဂန္ထဝင် မဟာဂီတစာပေအရည်အသွေးများ ပိုမိုတောက်ပြောင်လာစေခြင်းတို့အတွက် အထောက်အကူ ရရှိစေနိုင်မည်ဖြစ်ပါသည်။